# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 7, 2020 Volume 35, Number 5


၇.၉.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၄/- ကျပ် |
| CBM Rate | = ၁၃၃၄.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၇.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၅၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၅၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP) ၏ လုပ်ငန်းစဉ် ၇.၁.၃ (က) အရ နိုင်ငံတကာမှ အကူအညီ၊ ဈေးငွေရရှိရေးဆောင်ရွက်ရာတွင် ဈေးငွေ၊ အကူအညီ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနှင့် ဂျပန်ယန်းဘီလျံ ၃၀ ညှိနှိုင်းရယူထားကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP) ၏ လုပ်ငန်းစဉ် ၇.၁.၃ (က) အရ နိုင်ငံတကာမှ အကူအညီ၊ ဈေးငွေရရှိရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာဈေးငွေ၊ အကူအညီအနေဖြင့် ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနှင့် ဂျပန်ယန်းဘီလျံ ၃၀ ညှိနှိုင်းရယူထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

အထောက်အပံ့အနေဖြင့် ဒေါ်လာ ၈၄ ဒသမ ၅၃ သန်း၊ ယူရို ၆ ဒသမ ၂ သန်း၊ မြန်မာကျပ် ၁၀၀၀၀၀၀၀ နှင့် ဂျပန်ယန်း နှစ်ဘီလျံကို ရရှိထားကြောင်း ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာ ၄ ရက်က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနထံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက CERP ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ်လေးစီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

COVID-19 ကြောင့် ထိခိုက်ခဲ့သည့် မြန်မာ့စီးပွားရေးပြန်လည်ထူထောင်ရန် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ဈေးငွေဒေါ်လာ ၁ ဒသမ ၂၅ ဘီလျံရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဇွန်လအတွင်းကပြောကြားသည်။ "COVID-19 ကြောင့် ထိခိုက်သွားတဲ့ နိုင်ငံ့စီးပွားရေး ပြန်လည်ထူထောင်ဖို့ဆိုရင် ကျွန်တော်တို့ ငွေကြေးပမာဏလိုပါတယ်။ အဲဒီအတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဒေါ်လာသန်း ၇၀၀ ၊

ဂျပန်နိုင်ငံမှ ဒေါ်လာသန်း ၂၇၀၊ ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၂၅၀၊ အာရှဖွံ့ဖြိုးရေး ဘဏ်က ဒေါ်လာသန်း ၃၀ စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၂၅ ဘီလျံ ရရှိထားပြီဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။ “ဒီလိုနိုင်ငံတကာအဖွဲ့အစည်းတွေကနေ ချေးငွေပံ့ပိုးမှုတွေရရှိတာဟာ မြန်မာနိုင်ငံရဲ့ Macroeconomic အခြေအနေ တည်ငြိမ်လို့ပဲဖြစ်ပါတယ်” ဟု ၎င်းကဆိုသည်။

COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများစသည်ဖြင့် လုပ်ငန်းပေါင်း ၃၀၀၀ ကျော်ကို ချေးငွေကျပ် ၈၆ ဘီလျံကျော် ထုတ်ချေးထားပြီဖြစ်ကြောင်း စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။ “ကော်မတီ အနေနဲ့ စီးပွားရေးထိခိုက်မှု အများဆုံးကြုံနေရတဲ့ လုပ်ငန်းသုံးခုဖြစ်တဲ့ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနဲ့ အသေးစား အငယ်စား အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ကူညီပံ့ပိုးဖို့ ရန်ပုံငွေ ကျပ်ဘီလျံ ၁၀၀ ကို ထူထောင်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံသား ပိုင်တဲ့လုပ်ငန်းများကို သက်သာသောအတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် သကြ်န်ကာလအလွန်ကစပြီး ထုတ်ချေးခဲ့ပါတယ်။ ဒီနေ့အထိ လုပ်ငန်းပေါင်း ၃၀၀၀ ကျော်ကို ချေးငွေပမာဏ ကျပ် ၈၆ ဘီလျံကျော် ထုတ်ချေးခဲ့ပြီဖြစ်ပါတယ်။ ချေးငွေကို အဓိကခံစားဖို့က ပြည်သူ့ဘဏ္ဍာငွေဖြစ်တဲ့အတွက် ချေးငွေစိစစ်တဲ့နေရာမှာ ဝန်ကြီးဌာနကပါဝင်သလို ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အဖွဲ့ကပါဝင်ပြီးတော့ စနစ်တကျ ထုတ်ချေးနေတာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

COVID-19 ကြောင့်ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ ရုန်းထွက်နိုင်ရန် ကာလတိုစီမံချက်ဖြစ်သည့် စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများကလည်း ကဏ္ဍအလိုက်ဖြေလျှော့ပေးနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် COVID-19 ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံး ရုန်းထွက်နိုင်ရေး အတွက် ကာလတိုစီမံချက်ဖြစ်သည့် “COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်- CERP ကို ရေးဆွဲပြီး ထုတ်ပြန် ခဲ့ကြောင်း၊ ယင်း CERP တွင် အဓိကစီးပွားရေး ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်နှင့် မြန်မာ့စီးပွားရေး ကျဆင်းမှုကို ပြန်လည်ဦးမော့လာစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ထည့်သွင်းရေးဆွဲထားသည့်အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်လည်း ကိုက်ညီမှုရှိစေရန် ချိတ်ဆက်ရေးဆွဲထားကြောင်း၊ ဝန်ကြီးဌာနများကလည်း ၎င်းတို့ဝန်ကြီးဌာနများနှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် ဖြေလျှော့မှု များကိုပေးနေကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောကြားသည်။

**Source:** https://news-eleven.com/article/190835

## 5th ASEAN Entrepreneur Award ကို မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိ



Rachmat Kaimuddin Pham Nam Long Nang Kham Noung

အာဆီယံ-ကိုရီးယားစင်တာသည် Maekyung Media Group နှင့်ပူးပေါင်း၍ ASEAN Entrepreneur Award ကို ၂၀၁၆ ခုနှစ်မှ စတင်ကာ ASEAN ဒေသတွင်းရှိ ထူးချွန်ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်များကို ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်းကျင်းပမည့် 21st World Knowledge Forum ၌ Regional Champion ၊ Entrepreneurs 4.0 ၊ Empowering Women ၊ Up-and -coming Startups နှင့် Scale-ups The Next unicorns ကဏ္ဍ(၅)ခုတွင် မြန်မာနိုင်ငံအနေဖြင့်ပါဝင်ရန် အာဆီယံ-ကိုရီးယားစင်တာမှ ဖိတ်ကြားခဲ့ပါသည်။

အဆိုပါဖိတ်ကြားမှုအပေါ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းနှင့် KBZ Group of Companies တို့သို့ ပါဝင်နိုင်ရန် အကြောင်းကြားခဲ့ပြီး ကိုးရီးယားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး၊ အာဆီယံ-ကိုရီးယားစင်တာတို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် Regional Champion ၊ Entrepreneurs 4.0 ၊ Empowering Women နှင့် Up-and-coming Startups ၊ Regional Champion ၊ Entrepreneurs 4.0 နှင့် Empowering Women ကဏ္ဍ တို့တွင် အာဆီယံ(၁၀)နိုင်ငံမှ လုပ်ငန်းရှင်များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံခဲ့ပါသည်။

5th ASEAN Entrepreneur Award 2020 အတွက် မြန်မာနိုင်ငံမှ ဒေါ်နန်းခမ်းနောင် (Deputy CEO ၊ KBZ Group of Companies)သည် Empowering women ကဏ္ဍအတွက် ရွေးချယ်ခြင်းခံခဲ့ရပြီး၊ ဆုပေးပွဲအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဆိုးလ်မြို့ Shilla Hotel ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲအခမ်းအနားကို COVID-19 ဆိုင်ရာ ကန့်သတ်ချက်အခြေအနေများကြောင့် ASEAN Entrepreneur Award ဆုရှင်များကို ကောင်ကိုရီးယားသို့ ဖိတ်ကြားခြင်း မပြုနိုင်ဘဲ သက်ဆိုင်ရာအာဆီယံသံရုံးများမှကိုယ်စားတက်ရောက်၍ လက်ခံရယူပေးရမည်ဖြစ်ပြီး ဆုရရှိသူများအနေဖြင့် Video Message အားကြိုတင် ပေးပို့၍ Online မှ တက်ရောက်ရမည်ဖြစ်ပါကြောင်း ASEAN-Korea Center (AKC) မှသိရှိရပါသည်။

အဆိုပါ 5th ASEAN Entrepreneur Award တွင် အာဆီယံ (၁၀) နိုင်ငံမှလုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယမ်နမ်နိုင်ငံတို့မှ လုပ်ငန်းရှင် (၃) ဦးရွေးချယ် ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: MITC**

## နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လတတိယပတ်အတွင်း ခေတ်မြေဩဇာ ၁၅၀၆၆ ဒသမ ၀၇ တန် တင်သွင်းထားပြီး မြန်မာ-တရုတ်နယ်စပ်စခန်းသုံးခုမှ ၁၃၂၈၂ ဒသမ ၅၇ တန်အထိ တင်သွင်း

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ တတိယပတ်အတွင်း ခေတ်မြေဩဇာ ၁၅၀၆၆ ဒသမ ၀၇ တန် တင်သွင်းထားပြီး မြန်မာ-တရုတ်နယ်စပ်စခန်း သုံးခုမှ ၁၃၂၈၂ ဒသမ ၅၇ တန်အထိ တင်သွင်းထား ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ကာလအတွင်း ပြည်ပမှ ခေတ်မြေဩဇာတန်ချိန် ၁၅၀၆၆ ဒသမ ၀၇ တင်သွင်းထားသည်။ ဩဂုတ် ၈ ရက်မှ ၁၄ ရက်အထိ ကာလအတွင်း ပြည်ပမှ ခေတ်မြေဩဇာတန်ချိန် ၁၈၇၄၈ ဒသမ ၂၁ တန် တင်သွင်းထားသည်။

အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လ တတိယပတ်အတွင်းက ခေတ်မြေဩဇာတင်သွင်းမှုမှာ ယခင်သီတင်းပတ်ကာလထက် ၂၇၈၂ ဒသမ ၁၄ တန်လျော့နည်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ၂၁ ရက်အထိ ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ခေတ်မြေဩဇာ တင်သွင်းမှုတွင် မူဆယ်နယ်စပ်မှ ၁၂၇၂ ဒသမ ၇၅ တန်၊ လွယ်ဂျယ်နယ်စပ်မှ ၁၀၁၇ ဒသမ ၈၅ တန်၊ ချင်းရွှေဟော်နယ်စပ်မှ ၁၀၉၉၃ ဒသမ ၉၇ တန်နှင့် မြဝတီနယ်စပ်မှ ၁၇၈၃ ဒသမ ၅၀ တန်ဖြင့် စုစုပေါင်း ၁၅၀၆၆ ဒသမ ၀၇ တန် တင်သွင်းထားခြင်းဖြစ်သည်။

ဩဂုတ် ၈ ရက်မှ ၁၄ ရက်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ခေတ်မြေဩဇာတင်သွင်းမှုတွင် မူဆယ်နယ်စပ်မှ ၂၃၀၀ ဒသမ ၂၅ တန်၊ လွယ်ဂျယ်နယ်စပ်မှ ၁၁၆၀ တန်၊ ချင်းရွှေဟော်နယ်စပ်မှ ၁၁၇၇၂ ဒသမ ၁၅ တန်နှင့် မြဝတီနယ်စပ်မှ ၂၆၁၅ ဒသမ ၈၁ တန်ဖြင့် စုစုပေါင်း ၁၇၈၄၈ ဒသမ ၂၁ တန် တင်သွင်း ထားခြင်းဖြစ်သည်။ အဖျောက်နှင့်

ညောင်တုန်း သဘာဝဓာတ်ငွေ့မြေမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) မှ တစ်နေ့လျှင် ယူရီးယား ဓာတ်မြေသြဇာတန် ၃၅၀ မှ ၄၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

အဖျောက်နှင့် ညောင်တုန်း သဘာဝဓာတ်ငွေ့မြေမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ တစ်နေ့လျှင် ယူရီးယားဓာတ်မြေသြဇာ တန် ၃၅၀ မှ ၄၀၀ ခန့်ထုတ်လုပ်၍ တင်ဒါစနစ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် အဆိုပါစက်ရုံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် ယူရီးယားဓာတ်မြေသြဇာများကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/190836

## တရုတ်တွင် ပြောင်းရှားပါးမှုက မြန်မာပြောင်းစိုက်တောင်သူများအတွက် အခွင့်အလမ်းကောင်းဖြစ်နိုင်

COVID-19 ကပ်ရောဂါဖြစ်နေချိန် ရာသီဥတုဖောက်ပြန်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းခြင်းကြောင့် တရုတ်နိုင်ငံ၏ ပြောင်းဖူးစေ့ရှားပါးမှုက လာမည့်နှစ်တွင် မြန်မာပြောင်းဖူးစိုက် တောင်သူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။ တရုတ်နိုင်ငံတွင် ယခုနှစ်ပြောင်းဖူးစေ့ အထွက်နှုန်းသည် စုစုပေါင်းစိုက်ပျိုးမှု၏ ၁၀ ရာခိုင်နှုန်း၊ တန်ချိန် သန်း ၃၀ ခန့်လျော့နည်းကြောင်း တရုတ်လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်အပေါ်အခြေခံပြီး နိုင်ငံတကာသတင်းဌာနအချို့တွင်ဖော်ပြသည်။

တရားဝင်နယ်စပ်ကုန်သွယ်ရေး ဂိတ်လေးခုဖွင့် လှစ်ထားသော တရုတ်ဈေးကွက်ကို မြန်မာပြောင်းစိုက်ပျိုး ထုတ်လုပ်သူများ အခွင့်အရေးပြန်ရလာနိုင်သည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကဆိုသည်။ လက်ရှိအချိန်အထိ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုကို တားမြစ်ထားသော်လည်း လာမည့်ရာသီတွင် ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း ၎င်းတို့က ခန့်မှန်းသည်။ လူဦးရေသန်း ၅၀ ကျော်ရှိသော ယူနန်ပြည်နယ်အတွက် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်လိုအပ်ချက်က မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံ၏ နယ်စပ်မှ အဓိကတင်သွင်းနေရသည်ဟုဆိုသည်။

လက်ရှိ တရုတ်ဈေးကွက်တွင် ပြောင်းဖူးစေ့တစ်တန်လျှင် ၂၉၇ ဒေါ်လာဈေးရှိပြီး ပြီးခဲ့သည့် ၂၀၂၀ နှစ်စပိုင်းထက် တစ်တန်လျှင် တန်ဖိုး ၂၇ ရာခိုင်နှုန်းမြင့် တက်ခဲ့သည်။ လက်ရှိတွင် ပြည်ပသို့ ရောင်းချနေသည့် ပြောင်းဖူးစေ့ ဈေးနှုန်းမှာ ပျမ်းမျှ တစ်တန်လျှင် အများဆုံး ဒေါ်လာ ၁၉၀ ဝန်းကျင်သာ ဈေးရရှိသည်။ "တရုတ်ဈေးကွက်ပြန်ရရင် ကျွန်တော်တို့အတွက် ကောင်းတာပေါ့"ဟု ဦးမင်းခိုင်ကပြောသည်။ တရုတ်အစိုးရက မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့တင်သွင်းမှုကို တားဆီးထားသော်လည်း တရုတ်နိုင်ငံ နန့်နင်းမြို့မှ ပြောင်းကုန်သည်များက တန်ချိန်နှစ်သိန်း ဝယ်ယူလိုကြောင်း အသင်းသို့ ကမ်းလှမ်းမှုများရှိခဲ့ပြီး အရည်အသွေးပိုင်းသတ်မှတ်ချက် ညှိနှိုင်းမှုကို စောင့်နေသည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပြောင်းဖူးစေ့တန်ချိန် နှစ်သန်းခွဲမှ သုံးသန်းသုံးသိန်းကြား စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပဈေးကွက်များကျယ်ပြန့်စွာရရှိရေးကိုလည်း အသင်းက စီးပွားကူးသန်းဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေသည်ဟု ဦးမင်းခိုင်ကပြောသည်။ မြန်မာနိုင်ငံထွက်ပြောင်းဖူးစေ့များကို အိန္ဒိယ၊ ထိုင်းနှင့် စင်ကာပူနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံများကို တင်ပို့နေသည်။ ယခုနှစ် ဖေဖော်ဝါရီမှ ဩဂုတ် ၃၁ ရက်အထိ အာဆီယံကုန်သွယ်မှုအခွင့်အရေးဖြစ်သော အခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းဖူးစေ့တန်ချိန် တစ်သိန်းခွဲနီးပါး တင်ပို့ထားသည်။ တရုတ်မှ အဝယ်ရပ်ထားချိန် နှစ်စဉ်ပြောင်းတန်ချိန် ငါးသန်းခန့်တင်သွင်းနေရသော ထိုင်းနိုင်ငံဈေးကွက်က မြန်မာ့ပြောင်းစိုက်ပျိုးသူတောင်သူများအတွက် အလားအလာကောင်းတစ်ခုဖြစ်သည်ဟု မူဆယ်ရှိ ပြောင်းကုန်သည်အချို့ကဆိုသည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ကယား၊ ကရင်၊ ဧရာဝတီတိုင်း၊ နေပြည်တော်စသည့်နေရာများတွင် ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့် စိုက်ပျိုးထုတ်လုပ်သည်။ COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန် မြန်မာနိုင်ငံ၏ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပသို့ ပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံကျော်တင်ပို့ထားပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ သန်း ၇၀၀ ခန့်ပိုများသည်။ ပို့ကုန်ကဏ္ဍတွင် အဓိကတိုးတက်မှုအများဆုံးက လယ်ယာထွက်ကုန်တင်ပို့မှုဖြစ်ပြီး သန်း ၅၀၀ ကျော်ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြထားသည်။ လယ်ယာ

ပို့ကုန်ကဏ္ဍတွင် ဆန်နှင့်ပြောင်းဖူးစေ့က တိုးတက်မှုအများဆုံးသီးနှံများဖြစ်သည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကဆိုသည်။

**Source:** https://7day.news/detail?id=198048

## လက်ရှိဘဏ္ဍာနှစ် ၁၁ လခန့်တွင် ပြည်ပသို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၄ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၇၄၀ ခန့်ရရှိထားပြီး တရုတ်နိုင်ငံသို့ ဆန်အများဆုံးနှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံးတင်ပို့ထား



လက်ရှိဘဏ္ဍာနှစ် ၁၁ လခန့်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၄ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၇၄၀ ခန့်ရရှိထားပြီး တရုတ်နိုင်ငံသို့ ဆန်အများဆုံးနှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံး တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ၁၁ လခန့်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲစုစုပေါင်းတန်ချိန် ၂ ဒသမ ၄၂၈ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၇၃၈ ဒသမ ၃၂၉ သန်းရရှိထားသည်။

အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၅၂၅ သန်း တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၉၄ ဒသမ ၆၈၈ သန်းရရှိထားပြီး တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ငါးသိန်းကျော်အထိ အများဆုံးတင်ပို့ထားခြင်း ဖြစ်သည်။ နိုင်ငံပေါင်း ၆၀ သို့ ဆန်ကွဲတန်ချိန် ကိုးသိန်းကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂၄၃ ဒသမ ၆၆၁ သန်းရရှိထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် နှစ်သိန်းသုံးသောင်းကျော်အထိ အများဆုံးတင်ပို့ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုလုံးမှ တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ဆန်များရောင်းချပေးရန် တချို့နိုင်ငံများက ကမ်းလှမ်းမှုများရှိကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့နိုင်မည့်အခြေအနေရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ၂၀၂၀ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘဏ္ဍာနှစ်ကုန်ဆုံးရန် ရက် ၂၀ ကျော်သာကျန်ရှိတော့သည်။ ပြည်ပဝယ်လိုအား မြင့်တက်နေမှုကြောင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် လက်ရှိဘဏ္ဍာနှစ် လျာထားပမာဏတန်ချိန် ၂ ဒ သမ ၄ သန်းထက် ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ပြောကြားသည်။ "လက်ရှိအခြေအနေနဲ့ရာသီဥတုလည်း ကောင်းမယ်၊ ထွက်ရှိမှုလည်းကောင်းမယ်ဆိုရင်တော့ ဝယ်လိုအားတွေလည်း ကောင်းတဲ့အတွက် လာမယ့်ဘဏ္ဍာနှစ်မှာ ဆန်တင်ပို့နိုင်မှုက လက်ရှိနှစ်ထက်ကောင်းမယ်လို့ မျှော်မှန်းလို့ရပါတယ်" ဟု ဦးလူမော်မြင့်မောင်က ပြောကြား သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို ပျှမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တန်ချိန်မြင့်တက်မှုအပြင် ဝင်ငွေပိုမိုမြင့်တက်လာစေရန် အရည်အသွေးကောင်းမွန်သည့် တန်းမြင့်ဆန်အမျိုးအစားများ ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် ဆန်နှင့် ဆန်ကွဲတန်ချိန် သုံးသန်းကျော်အထိ တင်ပို့နိုင်ခဲ့သည်။

၂၀၂၀ ခုနှစ် ဇွန်လမှ စက်တင်ဘာလများအတွက် လိုင်စင်လျှောက်ထားရာတွင် ယခင်လများတွင် ခွင့်ပြုချက်ရရှိသည့် လိုင်စင်များအပေါ် ပြီးပြတ်အောင်တင်ပို့ပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ (ED) ၊ ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန်ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထား၊ ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်း

ထားပြီးဖြစ်ကြောင်း အထောက်အထားများ ပါရှိရမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/190893

## လက်ရှိဘဏ္ဍာနှစ်ခြောက်လတွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆောင်ရွက်မှု၌ တရုတ်နိုင်ငံဘက်မှ ကုန်သွယ်မှု ပိုငွေ ဒေါ်လာသန်း ၆၄၀ နီးပါးရှိပြီး ကုန်သွယ်ရေးအသာစီးရရှိထား



လက်ရှိဘဏ္ဍာနှစ် ခြောက်လတွင် မြန်မာနှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆောင်ရွက်မှု၌ တရုတ်နိုင်ငံဘက်မှ ကုန်သွယ်မှုပိုငွေ ဒေါ်လာသန်း ၆၄၀ နီးပါးအထိရှိပြီး ကုန်သွယ်ရေးအသာစီးရရှိထားကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပပို့ကုန်/သွင်းကုန် စာရင်းဇယားများ ပြည့်စုံမှန်ကန် မြန်ဆန်စွာပြုစုရေးအဖွဲ့မှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ခုနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံဘက်မှ တင်ပို့ထားသည့် ပို့ကုန်ပမာဏမှာ ဒေါ်လာ ၃ ဒသမ ၂၉၉ ဘီလျံသာရှိသည်။ တရုတ်နိုင်ငံမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏမှာ ဒေါ်လာ ၃ ဒသမ ၉၃၈ ဘီလျံအထိရှိသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုကို နှိုင်းယှဉ်ပါက တရုတ်နိုင်ငံမှ တင်သွင်းထားသည့်ပမာဏမှာ မြန်မာနိုင်ငံမှ တင်ပို့ထားသည့်ပမာဏထက် ဒေါ်လာ ၆၃၉ ဒသမ ၄၈ သန်း ပို၍များနေကြောင်းသိရသည်။

လက်ရှိဘဏ္ဍာနှစ်ခြောက်လတွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်မှု၌ တရုတ်နိုင်ငံဘက်မှ အသာစီးရရှိထားပြီး ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၆၃၉ ဒသမ ၄၈ သန်းအထိ ရှိကြောင်း ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း နှစ်ခုစလုံးဖြင့် ကုန်သွယ်မှုဆောင်ရွက်နေခြင်းဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုတွင် မူဆယ်၊ လွယ်ကျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြင့် ကုန်သွယ်မှုဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ အခြားလယ်ယာထွက်ပစ္စည်း၊ ရေထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းစသည်တို့ကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းစသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုမြင့်တက်လာစေရန် ပို့ကုန်မဟာဗျူဟာများရေးဆွဲ၍ အကောင်အထည်ဖော်နေသကဲ့သို့ တခြားတစ်ဖက်တွင်လည်း ပြည်တွင်း လိုအပ်ချက်များကြောင့် ပြည်ပမှ မဖြစ်မနေတင်သွင်းရသည့် ကုန်စည်များကိုလည်း လျှော့ချ၍မရနိုင်သောကြောင့် ပြည်ပမှတင်သွင်းကုန်ပမာဏမှလည်း များနေရခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားထားသည်။ "တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ့်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့၊ ဥပမာ မွေးမြူရေးကတက်လာတယ်။ ကြက်စာ အရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖတ်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို အခုဆိုတန်ချိန်ငါးသောင်းအထိသွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလည်း ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာ။ ဒါတွေကလျှော့လို့မရဘူးလေ" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

**Source:** https://news-eleven.com/article/190988

## RSS-3 ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၀၀ ခန့် ဈေးနှုန်းပြန်လည်မြင့်တက်လာသော်လည်း အိမ်နီးချင်းနိုင်ငံများထက် ဈေးနှုန်းနိမ့်ကျနေဆဲဖြစ်

ယခုနှစ် သုံးလတာကာလအတွင်း RSS-3 ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၀၀ ခန့် ဈေးမြင့်တက်လာသော်လည်း



ပြည်တွင်းမှ ထွက်ရှိသည့် ရော်ဘာအရည်အသွေးပိုင်းကြောင့် အိမ်နီးချင်းနိုင်ငံများထက် ဈေးနှုန်းနိမ့်ကျနေဆဲ ဖြစ်ကြောင်း ရော်ဘာဈေးကွက်အတွင်းမှသိရသည်။ ဖွန်လက RSS-3 ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၆၄၀ ဝန်းကျင်သာရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၇၄၀ ဝန်းကျင်ရှိနေသော်လည်း အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ရှိ ရော်ဘာဈေးနှုန်းများနှင့် ကွာဟနေဆဲ ဖြစ်သည်။

COVID-19 ရောဂါမဖြစ်ပွားမီက RSS-3 ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၈၀၀ ဝန်းကျင်ရှိခဲ့ရာမှ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကုန်သွယ်ရေး လမ်းကြောင်းများ ယာယီပိတ်ဆို့မှုရှိသောကြောင့် ရော်ဘာ ဈေးနှုန်း ထက်ဝက်နီးပါးကျဆင်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့ ရော်ဘာ သည် ကမ္ဘာ့ဈေးနှုန်းထက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၀ ဝန်းကျင်အထိ ဈေးနှုန်းအနိမ့်ဖြင့် ရောင်းချရလေ့ရှိကြောင်းသိရသည်။ "ကျွန်တော်တို့နိုင်ငံရဲ့ ရော်ဘာအရည်အသွေးပိုင်း ဆိုင်ရာ အားနည်းချက်ကြောင့်ပါ။ အရည်အသွေးမမီသေးတဲ့အတွက် ဈေးလျှော့ရောင်းရတာပါ"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။ ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ထိုအထဲမှ ၇၀ ရာခိုင်နှုန်းကိုတရုတ်နိုင်ငံသို့ အဓိကတင်ပို့ကာ ၈ ရာခိုင်နှုန်း ကိုသာပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1518

## ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုပြီး ငါးလကျော်အတွင်း ကုမ္ပဏီလေးခု၏ အစုရှယ်ယာအရေအတွက် ၅၂၈၀၀ ကျော် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ ဝယ်ယူထား




ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုပြီး လေးလကျော်အတွင်း ကုမ္ပဏီလေးခု၏ အစုရှယ်ယာအရေအတွက် ၅၂၈၀၀ ကျော်ကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူထားကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ ထုတ်ပြန်သော စာရင်းများအရသိရသည်။

၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်မှစ၍ နိုင်ငံခြားသားများ၊ နိုင်ငံခြားအဖွဲ့ အစည်းများကို ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ဝယ်ယူခွင့်ပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက် စာရင်းအရ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီခြောက်ခုအနက် ကုမ္ပဏီလေးခု၏ အစုရှယ်ယာ ၅၂၈၄၃ ခုကို ဝယ်ယူထားသည်။ ကုမ္ပဏီအလိုက် ဝယ်ယူထားသော အစုရှယ်ယာပမာဏများမှာ ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (FMI) တွင် ၉၆၀၆ ခု၊ မြန်မာသီလဝါအက် (စ်) အီးဇက် ဟိုးလ်ဒင်း ပတ်ပလစ် လီမိတက် (MTSH) ၌ ၃၇၄၇၄ ခု၊ Ever Flow River Group Public Co.,Ltd တွင် ၅၅၆၃ ခု၊ TMH Telecom Public Co.,Ltd တွင် ၂၀၀ ခုဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ သတ်မှတ်ထားသည့်ဘဏ်စာရင်းများ ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ကြေညာချက်အမှတ် (၄/ ၂၀၂၀) ဖြင့် အသိပေးကြေညာခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) တို့ကိုထုတ်ပြန်၍ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ

နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့် ပြုခဲ့ကြောင်းသိရသည်။ ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) ၏ အပိုဒ် ၃ (ဂ) အရ ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ (တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အပါအဝင်) အနေဖြင့် ပထမဦးစွာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့ သွားရောက်၍ ထောက်ခံစာရယူရန် လိုအပ်သည်။ ယင်းနောက် ပြည်တွင်း၌ နေထိုင်သူဖြစ်ပါက Resident Kyar Account for Securities (R-KAS) နှင့် ပြည်ပတွင် နေထိုင်သူဖြစ်ပါက Non-resident Kyat Account for Securities (N-KAS) နှင့် Non-resident Foreign Currency Account for Securities (N-FAS) ဘဏ်စာရင်းများ ဖွင့်လှစ်ပြီးမှသာ Securities Company များတွင် Securities Account များ ဖွင့်လှစ်ရန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများအနေဖြင့် ကော်မရှင်ကသတ်မှတ်ထားသည့် ဘဏ်စာရင်းများ အသီးသီးဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က မေတ္တာရပ်ခံ အသိပေးကြေညာထားသည်။ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားသား ပါဝင်ဆောင်ရွက်ရာတွင် ဘဏ်များလိုက်နာဆောင်ရွက်ရမည့်အချက်များကို နိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် ၃/ ၂၀၂၀ ညွှန်ကြားခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/190858

## အရည်အသွေးကောင်း ကြက်သွန်နီတစ်ပိဿာလျှင် မြန်မာငွေကျပ်(၃၀၀)ဝန်းကျင်သာ ဈေးရရှိနေ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းပြီး၊ အရည်အသွေးကောင်းကြက်သွန်နီ တစ်ပိဿာလျှင် မြန်မာငွေ ကျပ် (၃၀၀) ဝန်းကျင်သာ ဈေးရရှိနေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နေသည့် ကြက်သွန်နီစိုက်တောင်သူများက ပြောသည်။ ဈေးထိုးကျလို့ တောင်သူတွေဒုက္ခရောက်ကြတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကို ဈေးကျနေတာ။ ပြည်ပပို့လို့မရ၊ ပြည်တွင်းသုံးစွဲမှုနဲ့မမျှတော့ ပိုလျှံနေတာ။ ပွဲရုံတွေကလည်း ကြက်သွန်နီဈေးကွက်က မကောင်းတော့ ကောင်းကောင်းမဝယ်တော့ဘူး။ ကြက်သွန်ပွဲစားတွေက အရောင်လှ၊ ပစ္စည်းကောင်း (အရည်အသွေးကောင်း) ကြက်သွန်နီကိုတောင် တစ်ပိဿာကို သုံးရာသုံးဆယ်ကျပ် (၃၃၀ ကျပ်) ပဲပေးတယ်။ ပုံမှန်ဆို အခုလိုအချိန်တွေက ကြက်သွန်နီဈေးတက်ရမယ့်အချိန်ပါ။ အရင်နှစ်တွေက ဇွန်လ၊ ဇူလိုင်လတွေမှာဆို ကြက်သွန်နီဈေး တစ်ပိဿာကို ထောင့်ငါးရာ (၁,၅၀၀ ကျပ်) အထိ ဈေးရခဲ့တယ်ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်မှ ကြက်သွန်နီစီးပွားဖြစ်စိုက်ပျိုးသူ ဦးကျော်ကပြောသည်။

တောင်သူများစိုက်ပျိုးသည့် ကြက်သွန်နီများမှာ ဒေသအလိုက် မတ်လ၊ ဧပြီလကုန်၊ မေလဆန်းကာလများ၌ ထွက်ရှိသည်။ ထိုသို့ထွက်ရှိလာသည့် ကြက်သွန်နီများကို ဈေးကွက်တင်ပို့နိုင်ရန် သိုလှောင်ထားကြရာ ယခုနှစ်တွင် မိုးနည်းသဖြင့် အပူလွန်ကဲပြီး ပျက်စီးဆုံးရှုံးမှုများလည်း ကြုံတွေ့ရကြောင်းသိရသည်။ ကြက်သွန်နီထွက်နှုန်းက မနည်းခဲ့ပါဘူး။ ထွက်လာတဲ့ ကြက်သွန်နီတွေသာ ပျက်စီးကုန်တာ။ ဒီနှစ် မိုးနည်းတော့ လှောင်ထားတဲ့ကြက်သွန်နီတွေ ပုပ်ကုန်တယ်။ ကျွန်တော်ကိုယ်တိုင် ပိဿာ ၂၅၀၀ ကျော် ပျက်စီးသွားတယ်။ ဘေးခြံတွေဆိုလည်း ပိဿာ ၄၀၀၀, ၅၀၀၀ ပျက်စီးတဲ့သူတွေ ရှိတယ်။ ကျွန်တော်တို့ဒေသမှာ အခုထိတောင် မိုးက သိပ်မကောင်းသေးဘူး။ နည်းနည်းပဲရွာသေးတယ်။ ရာသီဥတုက အပူချိန်များတော့ လှောင်ထားသမျှ အဖတ်မတင်ဘဲ ပုပ်ကုန်တာပါဟု ဦးကျော်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းစသည့်ဒေသများ၌ ကြက်သွန်နီအများဆုံးစိုက်ပျိုး ထုတ်လုပ်နေကြပြီး COVID-19 ကာလ၌ ကြက်သွန်နီဈေးနှုန်းများကျဆင်းခြင်းကြောင့် ယခုကဲ့သို့ အရှုံးနှင့်ရင်ဆိုင်နေရခြင်းဖြစ် သည်။ ယခုကဲ့သို့ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ်သုံးရာအထိ ဈေးနှုန်းကျဆင်းခြင်းကြောင့် လာမည့်ကြက်သွန်စိုက် ရာသီချိန်တွင် ကြက်သွန်နီစိုက်ဧကများ လျော့နည်းနိုင်ဖွယ်ရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/get_low_price_of_onion

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်များကို ရန်ကုန်မှကုန်သည်များက တိုက်ရိုက်ဆင်းဝယ်ယူနေသဖြင့် ဆန်စျေးနှုန်း မြင့်တက်လာနိုင်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်များကို ဩဂုတ်လနောက်ဆုံးအပတ်မှစတင်ကာ ရန်ကုန်မှကုန်သည်များမှ တိုက်ရိုက်ဆင်းဝယ်ယူနေသဖြင့် လာမည့်လများတွင် ဆန်စျေးနှုန်းမြင့်တက်လာနိုင်ကြောင်း ဒေသတွင်းဆန်ကုန်သည်များထံမှသိရှိရသည်။ "ဩဂုတ်လကုန်ပိုင်းကနေ ဒီနေ့အထိပါပဲ။ ဦးတို့ဆီ တိုက်ရိုက်ကိုလာဆင်းဝယ်တာပါ။ အခုတော့ စျေးနှုန်းကသိပ်မသိသာသေးပါဘူး။ ဒါပေမဲ့ ရှေ့လတွေမှာ ဆန်စျေးတွေ တက်လာနိုင်ပါတယ်။ ဘာကြောင့် လာဝယ်တယ်ဆိုတာ ကျိန်းသေ မပြောနိုင်ပေမယ့် ဦးတို့ဒေသခံကုန်သည်တွေရော တောင်သူတွေဆီမှာ စပါးလက်ကျန်တွေ နည်းနေတဲ့အတွက် ဆန်စျေးတက်လာဖို့ရှိပါတယ်။"ဟု ဖျာပုံမြို့ သိန်းကမ္ဘာ ဆန်၊ စပါး အရောင်းအဝယ်ဒိုင်ပိုင်ရှင် ဦးသိန်းလင်းကပြောသည်။

ရန်ကုန်မှ ကုန်သည်များမှာ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကုန်သည်များနှင့် ချိတ်ဆက်ပြီး တစ်ရက်ကို ဆန်အိတ် ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ပုသိမ်မြို့၊ ဖျာပုံမြို့၊ မော်လမြိုင်ကျွန်းမြို့၊ ကျိုက်လတ်မြို့စသည့် မြို့များက ကုန်သည်များနှင့် ချိတ်ဆက်ပြီး တိုက်ရိုက်ဆင်းဝယ်ယူခြင်းများရှိနေသော်လည်း ဆန်စျေးနှုန်းမှာ ပုံမှန်ရှိနေကြောင်း ပုသိမ်မြို့ရှိ မင်းမြင့်မိုရ် ဆန်းနှင့်စပါး အရောင်းအဝယ်ဒိုင်ရှင်ထံမှ သိရသည်။ "ကျွန်မတို့ဆီလာ လာဝယ်သွားပါတယ်။ ဒီအချိန်ဆို ကျွန်မတို့လည်း ဆန်၊ စပါး မထားတော့ပါဘူး။ အကုန်ထုတ်ပစ်တာပါ။ ဘာကြောင့်လဲဆိုတော့ နောက်လတွေဆို စပါးတွေ ပေါ်တော့မှာမို့ပါ။ ထပ်လှောင်ထားရင် အရှုံးပေါ်မှာစိုးလို့ပါ။ မနှစ်ကတော့ ရှေ့လာမယ့် ဩဂုတ်လမှ ဆန်စပါးစျေး အဲဒီလောက် မရှိခဲ့ပါဘူး။ "ဒီနှစ်တော့ အချို့က ဆန်စျေး၊ စပါးစျေးတက်လာနိုင်မယ်လို့ ပြောကြပါတယ်။ ကျွန်မကတော့ မထင်ပါဘူး။"ဟု ဘိုကလေးမြို့မှ ဝင့်ထယ်ထည် ဆန်၊ စပါး၊ ပဲအမျိုးမျိုး ပွဲရုံမန်နေဂျာ ဒေါ်မိုးမိုးအေးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံပေါ်ဆန်း၊ တောင်ပျံ၊ ဘေးကျား၊ မနောသုခ၊ ဆင်းဆွယ်လတ်၊ ဇီးဒိုး၊ ဧရာမင်း၊ ရွှေသွယ်ရင်၊ ဆင်းသုခဆန်များ အများဆုံးအရောင်းအဝယ်ဖြစ်နေပြီး ဖျာပုံပေါ်ဆန်း တစ်တင်းခွဲ တစ်အိတ်ကို ၄၄၀၀၀ ကျပ်၊ တောင်ပျံတစ်တင်းခွဲ တစ်အိတ် ၄၀၀၀၀ ကျပ်၊ ဘေးကျား တစ်အိတ် ၄၇၀၀၀ ကျပ်၊ မနောသုခ တစ်အိတ် ၂၉၀၀၀ ကျပ်၊ ဆင်းသုခ တစ်အိတ် ၂၇၅၀၀ ကျပ်၊ ဇီယာတစ်အိတ် ၂၅၅၀၀ ကျပ်၊ ဆင်းသွယ်လတ် တစ်အိတ် ၂၅၀၀၀ ကျပ်နှင့် ရွှေသွယ်ရင် တစ်အိတ် ၂၅၅၀၀ကျပ် ပေါက်စျေးရှိကြောင်းသိရသည်။

**Source: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှဦးဆောင်၍ ဝန်ကြီးများရုံး၌ ဝါးလက်မှုထည်ဆိုင်ခန်းဖွင့်လှစ်မည်




ဝါးလက်မှုထည် စျေးကွက်သစ်များဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှဦးဆောင်၍ ဝန်ကြီးများရုံး၌ ဝါးလက်မှုထည်ဆိုင်ခန်းဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ အသင်းကနေ သင်တန်းပေးနေတဲ့ သင်တန်းသားတွေရဲ့လက်ရာတွေကို စျေးကွက်သစ်တွေ ရှာပေးချင်တာရယ်၊ ကိုယ့်မြန်မာနိုင်ငံတွင်းမှာ ကိုယ့်နိုင်ငံသားတွေ ကိုယ်တိုင်ပြုလုပ်ဖန်တီးထားတဲ့ ဝါးလက်မှုထည်လေးတွေကို လူအများမြင်တွေ့သိရှိအောင် ပြသနိုင်ဖို့ရယ် အပြင်၊ ဝါးအဆောက်အဦ တည်ဆောက်ချင်တဲ့သူဖြစ်ဖြစ် တစ်နေရာတည်းမှာ ဝါးအသင်းကို လာရောက်ဆက်သွယ်လို့ရနိုင်စေဖို့၊ နောက်ဆုံးပြောရရင် ဝါးစိုက်ပျိုးရေးကို စိတ်ပါဝင်စားလို့ ဝါးပျိုးပင်လေးလိုချင်တာဖြစ်ဖြစ် နီးစပ်ရာဒေသမှာရနိုင်တဲ့ အသင်းသားတွေဆီ လမ်းညွှန်ပေးနိုင်ဖို့တွေအထိကို ရည်ရွယ်ထားပါတယ်ဟု မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း(ဗဟို) ၏ဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

အဆိုပါဆိုင်ခန်းအတွက် ကုန်ကျစရိတ် (ဆိုင်ခန်းငှားခ) များကို မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း၏ စျေးကွက်ရှာဖွေရေးကော်မတီဝင် (၄) ဦးမှ အကျိုးအမြတ်မရသေးခင် ကာလများအတွင်း ဦးဆောင်မ,တည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတော့ မလုပ်သေးဘူးပေါ့။ ဆိုင်အတွက် လိုအပ်တာလေးတွေတော့ စီစဉ်နေတယ်။ စက်တင်ဘာလအစကနေ စနေပြီပေါ့။ ဝါးနဲ့ ပြုလုပ်တဲ့ တစ်ရှူးပုံးလေးတွေ၊ ဝါးသော့ချိတ် စတာလေးတွေ အစုံတော့ တင်ထားပါတယ်။ အရင်တုန်းကတော့ ထုတ်ကုန်တွေကို စုစည်းပြီးတော့မှ ရန်ကုန်၊ နေပြည်တော်၊ တောင်ကြီး၊ မုံရွာ၊ ပုဂံစတဲ့မြို့တွေမှာ ပြပွဲတွေကျင်းပတဲ့အခါ၊ ဈေးကွက်ရှာဖွေရင်း သွားပြသခဲ့ကြတယ်။ အဲ့ဒီတုန်းက လမ်းခရီးသွားလာ ကုန်ကျစရိတ်နဲ့ဆိုတော့ အကျိုးအမြတ်မရဘဲ တော်တော်ရှုံးခဲ့ကြပါတယ်ဟု ဦးကျော်ဝင်းက ဆက်လက်ပြောသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းအစရှိသည့် မြန်မာနိုင်ငံဒေသအသီးသီးမှ အသင်းသားများ၏ လက်ရာများအပြင်၊ တခြားဝါးလက်မှုထည်လက်ရာများကိုပါ ဆိုင်ခန်းတွင် ပြသနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/bamboo_handicraft_shop

## ကုမ္ပဏီ ၂၀၀ ကျော်ကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် တစ်နှစ်ပိတ်သိမ်း

ပို့ကုန်ရငွေကို နိုင်ငံတော်ဘဏ်စာရင်းသို့ပြန်လည်ပေးသွင်းရန် ပျက်ကွက်သည့်ကုမ္ပဏီ ၂၀၇ ခုကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် တစ်နှစ်ယာယီပိတ်သိမ်းလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ပြည်ပသို့ ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများသည် ပို့ကုန်ရငွေအားလုံးကို သင်္ဘောတင်သည့်နေ့မှ ၆ လအတွင်း နိုင်ငံတော်အတွင်းရှိ ဘဏ်ငွေစာရင်းအသီးသီးကို နိုင်ငံခြားသုံးငွေအဖြစ် ပြန်လည်ထည့်သွင်းရသော်လည်း ကုမ္ပဏီ ၂၀၇ ခုကပို့ကုန်ရငွေပေးသွင်းရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း ၁၁၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန်ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေ အားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ ၆ လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်လာသော ကုမ္ပဏီ ၆ ခုစာရင်းနှင့် ကျန်ရှိသည့်ပို့ကုန်ရငွေအတွက် ငွေပြန်လည်ဝင်ရောက်မည် မဟုတ်သော အထောက်အထားနှင့်အတူတင်ပြသည့် ကုမ္ပဏီ ၇ ခု ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

**Source : The Voice**

https://news.ydnp.net/371240/

## ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုး

De Heus Myanmar Limited က ဦးဆောင်ပြီး မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် PAP (Powering Aquaculture Progress) Project အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးလိုက်ကြောင်း De Heus Myanmar ထံမှသိရသည်။ De Heus Myanmar ကုမ္ပဏီကဦးဆောင်၍ Fresh Studio ၊ Myanmar Department of Fisheries ၊ Myanmar Fishery Federation ၊ Pathein University နှင့် Golden Fish World တို့ပူးပေါင်းကာ မြန်မာ့ငါးမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် PAP (Powering Aquaculture Progress) Project အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာလ ၃ ရက်နေ့က ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းစီမံကိန်းကို ပိုမိုထိရောက်သည့်ထုတ်လုပ်မှုနည်းစနစ်များ၊ အရည်အသွေးမြင့်ထုတ်ကုန်များ၊ ငါးမွေး တောင်သူများနှင့် ငါးမွေးမြူရေး အလုပ်သမားများအတွက် အကျိုးအမြတ်ပိုမိုရရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏

ငါးမွေးမြူရေးကဏ္ဍ ရေရှည်တိုးတက်ဖွံ့ဖြိုးစေရန်လည်း မျှော်မှန်းထားကြောင်းသိရသည်။ ထို့ပြင်ငါးသည် မြန်မာနိုင်ငံ၏အဓိက အသားဓာတ်ရရှိသော အစားအစာအရင်းအမြစ်ဖြစ်သောကြောင့် ယခုစီမံကိန်းကို လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံ၏အာဟာရနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း De Heus Myanmar ထံမှသိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲတွင် De Heus Myanmar Ltd. မှ အုပ်ချုပ်မှု ဒါရိုက်တာ Mr. Arno Willemink ၊ Fresh Studio မှ Projcet Manager ၊ Ms.Floortje Jacobs ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်နှင့် မခင်နှင်းဖြူ (Golden Fish World) တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

**Source : The Voice**

https://news.ydnp.net/371486/

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ်သို့ နှစ်လမ်းသွားကားလမ်းဖောက်လုပ်မည်

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ် (ထီးခီး) သို့ နှစ်လမ်းသွားကားလမ်းစီမံကိန်း ဖောက်လုပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ စက်တင်ဘာလ ၂ ရက်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ NEDA – Neighbouring Countries Economic Development Cooperation Agency တို့အကြား ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ်(ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ် (ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်းဖောက်လုပ်ရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ NEDA နှင့် ညှိနှိုင်းဆွေးနွေးခြင်း တိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားပြီးဖြစ်သည့်ချေးငွေကို ထိုင်းနိုင်ငံမှရရှိရေးအတွက် NEDA နှင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ နှစ်လမ်းသွားကားလမ်းဖောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**Source: The Voice**

https://news.ydnp.net/371298/

## တောင်ကိုရီးယား-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုအတွက် အလားအလာအခြေအနေ

ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် Shinzo Abe ရာထူးမှနုတ်ထွက်ပြီးသည့်နောက် တောင်ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့အကြား ၂၀၁၉ ခုနှစ်မှစတင်ခဲ့သည့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုပြဿနာများနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား မည်ကဲ့သို့ ဆက်လက်ဖြစ်ပေါ်မည်ကို လေ့လာသုံးသပ်သူများနှင့်သုတေသီများက စောင့်ကြည့်ဝေဖန်လျက်ရှိကြပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ဂျပန်နိုင်ငံက ကိုရီးယားသမ္မတနိုင်ငံကိုယုံကြည်ရသည့်ကုန်သွယ်ဖက်နိုင်ငံ (White List)စာရင်းမှထုတ်ပယ်ခဲ့ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံအတွက်အရေးပါသည့် ကုန်စည်(၃)မျိုးအပေါ် ပို့ကုန်ဆိုင်ရာကန့်သတ်ချက်များ ချမှတ်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာအငြင်းပွားမှုပြဿနာများပေါ်ပေါက်ခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တိုင်ကြားခဲ့ပြီး၊ ယခုလက်ရှိတွင် အဆိုပါကိစ္စရပ်အပေါ်တွင် တိုးတက်မှု အနည်းငယ်သာရှိခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်နေရာကို အသစ်တာဝန်ယူမည့်ပုဂ္ဂိုလ်၏ သဘောထားပေါ်မူတည်၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာအခြေအနေများသည် အပြောင်းအလဲဖြစ်ပေါ်နိုင်ကြောင်း၊ မီဒီယာသတင်းများအရ ဝန်ကြီးချုပ် Shinzo Abe ၏ နေရာတွင် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်ဖြစ်သူ Yoshihide Suga၊ ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ Shigeru Ishiba နှင့် လစ်ဘရယ်

ဒီမိုကရက်တစ်ပါတီ အကြီးအကဲဖြစ်သူ Fumio Kishida တို့ (၃)ဦးကို လျာထားရန် သတင်းထွက်ပေါ်လျက်ရှိကြောင်း၊ ယင်းတို့အနက် Yoshihide Suga သည် ဝန်ကြီးချုပ်ဖြစ်လာရန် ဖြစ်နိုင်ချေအရှိဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရပါသည်။ Fumio Kishida သည် ယခင်ဝန်ကြီးချုပ်ဟောင်း Shinzo Abe လက်အောက်ရှိ နိုင်ငံခြားရေး ဝန်ကြီးဟောင်းဖြစ်ရာ ကိုရီးယား-ဂျပန်ကုန်သွယ်ရေးနှင့် ပတ်သက်၍တင်းကျပ်မှုများကိုသာ အရှိန်အဟုန်မြှင့်တင်သွားမည့်ပုဂ္ဂိုလ်ဟုယူဆရကြောင်း သိရှိရပါသည်။

Yoshihide Suga သည်လည်း ဝန်ကြီးချုပ်ဟောင်း Shinzo Abe ၏ လက်ယာရံပုဂ္ဂိုလ်အဖြစ် တင်စားခံခဲ့ရသည့်အားလျော်စွာ သဘောထားတူညီစွာပင်ရှိလိမ့်မည်ဖြစ်သည့်အတွက် တောင်ကိုရီးယား-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုအတွက် ထူးခြားသည့် အပြောင်းအလဲရှိလာရန် မဖြစ်နိုင်သေးကြောင်း၊ တစ်ဖက်တွင်လည်း Fumio Kishida သာ ဝန်ကြီးချုပ်မဖြစ်လာခဲ့လျှင် ယခင်နှစ်ကကဲ့သို့ တင်းကြပ်သည့်ကုန်သွယ်ရေးဆိုင်ရာကန့်သတ်ချက်ကဲ့သို့ အစွန်းရောက်အခြေအနေများ မရှိနိုင်ဟုလည်း ကိုရီးယား-ဂျပန်အရေး စောင့်ကြည့်သုတေသနပြုလုပ်သူ သုတေသီများကသုံးသပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း မြန်မာသံရုံး၊ ဆိုးလ်မြို့၏ ဆောင်ရွက်မှုများ

မြန်မာသံရုံး၊ ဆိုးလ်မြို့၏ စီးပွားရေးသံမှူးအနေဖြင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ မြန်မာသံရုံး(ဆိုးလ်မြို့) သံအမတ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ အစဉ်တစိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၊ COVID-19 ဆိုင်ရာကန့်သတ်ချက်များကြောင့် Offline ကုန်စည်ပြပွဲများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် အခွင့်မသာသေးသည့် လက်ရှိကာလတွင် အာဆီယံ-ကိုရီးယားဗဟိုဌာန (ASEAN-Korea Centre)နှင့် ပူးပေါင်း၍ အောက်ပါကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှကုန်သည်လုပ်ငန်းရှင်များမှ Online မှ ပါဝင်တက်ရောက်ပြသနိုင်ရေး၊ COVID-19 ကန့်သတ်ချက်ဆိုင်ရာ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ Online နှင့် Offline ပူးတွဲ၍ ခင်းကျင်းပြသသည့်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ကုန်စည်ပြပွဲ ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲအမည် | ကျင်းပမည့်ကာလ |
|---|---|---|
| ( က ) | ASIA-Korea Excellent Design Exhibition Award (ဒီဇိုင်းပြိုင်ပွဲနှင့်ကုန်စည်ပြပွဲ) | ဩဂုတ်လ မှ ဒီဇင်ဘာလ |
| ( ခ ) | ASIA Design Sharing Pavilion (Online+ Offline) | (၁၉-၁၀-၂၀၂၀) မှ (၂၃-၁၀-၂၀၂၀) |
| ( ဂ ) | ASEAN Smart Cities Forum (Online) | (၂၈-၁၀-၂၀၂၀) မှ (၃၁-၁၀-၂၀၂၀) |
| ( ဃ ) | ASEAN Content Showcasing (Online) | (၂၈-၁၀-၂၀၂၀) မှ (၃၁-၁၀-၂၀၂၀) |
| ( င ) | ASEAN-Korea Online Robotic Partnering Program (Online) | (၂၈-၁၀-၂၀၂၀) မှ (၃၁-၁၀-၂၀၂၀) |
| ( စ ) | AEAN-Korea Startup Scale-up Program (Online) | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ |
| ( ဆ ) | ASEAN Home Meal Replacement Show (Online + Offline) | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ |
| ( ဇ ) | AEAN-Korea Startup Week (Online) | ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ |

အာဆီယံ-ကိုရီးယားဗဟိုဌာနမှ ကြီးမှူး၍ ကျင်းပလျက်ရှိသည့် ASIA-Korea Excellent Design Exhibition Award ပြိုင်ပွဲသို့ အာဆီယံနိုင်ငံများရှိ ကုမ္ပဏီ(၂၉) တို့မှ ဒီဇိုင်းပေါင်း (၄၄) ခု ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ၊ မြန်မာနိုင်ငံရှိ GREENOVATION ကုမ္ပဏီမှ ဝင်ရောက်ယှဉ်ပြိုင်ထားသည့် ဒီဇိုင်းသည် ပထမအဆင့် စကာတင်(၂၀) စာရင်းတွင် ပဏာမရွေးချယ်ခြင်းခံခဲ့ရပြီး၊ ဒုတိယအဆင့်

ယှဉ်ပြိုင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ၊ ASIA Exchange Association မှ ကြီးမှူး၍ Online မှတစ်ဆင့် ကျင်းပမည့် ASEAN–Korea Youth Startup Challenge ပြိုင်ပွဲသို့ မြန်မာနိုင်ငံရှိ အနာဂတ်စီးပွားရေး စိတ်ကူးကောင်း(Business Idea)များရှိသော စိတ်ပါဝင်စား သည့် တက္ကသိုလ်အဆင့်/ ဘွဲ့လွန်အဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှကြီးမှူး၍ Myanmar Online Expo Park (Online Platform) ၌ကျင်းပသော ပထမဆုံးအကြိမ် Online ကုန်စည်ပြပွဲဖြစ်သည့် “Myanmar International Online Expo of Organic and Natural Products” တွင်လည်း တောင်ကိုရီးယားကုမ္ပဏီများ ပါဝင်နိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ပြီး၊ Shinsia View Co., Ltd. မှ ပြခန်းရယူ၍ သဘာဝကိုရီးယားအလှကုန်ပစ္စည်းများကို Cosmetics & Healthcare ကဏ္ဍ၌ပါဝင်ပြသခဲ့ကာ၊ မြန်မာနိုင်ငံရှိ Phoenix Shwe Mandalay Co., Ltd. ကုမ္ပဏီနှင့်လည်း Business Matching များ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**Source: Ministry of Trade, Industry and Energy (Korea)၊ The Korea Times၊ The Korea Herald၊ Yonhap News စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (7.9.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Sep. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,800 | 6,456 | 63,404,400 | 27,112,747 | 268,416 |
| MTSH | 00002 | 3,600 | -50 | -1.37% | 3,650 | 3,650 | 3,600 | 2,421 | 8,728,650 | 38,929,150 | 140,145 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 5 | 107,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,800 | 2,800 | 2,700 | 734 | 1,993,750 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 7 | 21,350 | 19,977,223 | 60,931 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 429.74 | -3.67 | -0.85% | 432.58 | 432.58 | 428.35 | 9,623 | 74,255,650 | 6 | 639,432 |

**Index chart**



# Market Overview

As of 1:00 pm, 7th Sep. 2020

| MYANPIX | 429.74 ▼ 3.67 |
|---|---|
| Total Volume (shares) | 9,623 |
| Total Value (MMK) | 74 mil |
| Listed Company | 6 |
| Market Cap. (MMK) | 639,432 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,600 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 3,050 | ▼ 50 |

TIR